**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ်** ၁၂၃ / ၂၀၂၀

၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၅ ရက်

(၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁၉ ရက်)

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနသည် ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးဥပဒေ ပုဒ်မ ၇၁ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ *ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်* ဤနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

၁။ ဤနည်းဥပဒေများကို **ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးနည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများ** ဟု ခေါ်တွင်စေရမည်။

၂။ ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးနည်းဥပဒေများ၊ နည်းဥပဒေ ၇ ကို အောက်ပါအတိုင်း အစားထိုးရမည်-

၇။ " ရာထူးသက်တမ်းကာလအတွင်း ကော်မရှင်အဖွဲ့ဝင်များသည် ကော်မရှင်၏ လုပ်ငန်းတာဝန်များကို အဓိကထား ဆောင်ရွက်ရမည်ဖြစ်ပြီး ဝန်ကြီးဌာနသည် လိုအပ်ပါက ကော်မရှင်အဖွဲ့ဝင်အချို့အား အချိန်ပိုင်း တာဝန်ထမ်းဆောင်နိုင်ရန် သတ်မှတ်ပေးနိုင်သည်။ "

၃။ ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးနည်းဥပဒေများ၊ နည်းဥပဒေ ၉ ကို အောက်ပါအတိုင်း အစားထိုးရမည်-

၉။ " ရာထူးသက်တမ်းကုန်ဆုံး၍ အနားယူသော ကော်မရှင်အဖွဲ့ဝင်တစ်ဦးကို ပြန်လည်ခန့်အပ်နိုင်သည်။ မည်သည့်ကော်မရှင်အဖွဲ့ဝင်မဆို တစ်ဆက်တည်းသက်တမ်း ၃ ကြိမ်ထက်ပို၍ တာဝန်ထမ်းဆောင်ခြင်းမပြုရ။ သို့ရာတွင် ပြည်ထောင်စုအစိုးရအဖွဲ့သည် ရာထူး သက်တမ်းကုန်ဆုံး၍ အနားယူသော ကော်မရှင်အဖွဲ့ဝင်တစ်ဦးဦးကို သက်တမ်း ၃ ကြိမ် ပြည့်မြောက်ပြီးဖြစ်သော်လည်း လုပ်ငန်းလိုအပ်ချက်အရ သက်တမ်းတစ်ကြိမ် ထပ်မံတိုးမြှင့်၍ ပြန်လည်တာဝန်ပေးအပ်နိုင်သည်။ "

၄။ ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးနည်းဥပဒေများ၊ နည်းဥပဒေ ၇၃၊ နည်းဥပဒေခွဲ (ခ)၊ နည်းဥပဒေခွဲငယ် (၂) ကို အောက်ပါအတိုင်း အစားထိုးရမည်-

(၂) " လျှောက်ထားသူသည် လိုင်စင်လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ ဥပဒေ၊ ဤနည်းဥပဒေများ၏ အခြားလိုအပ်ချက်တစ်ရပ်ရပ်ကို လိုက်နာရန်ပျက်ကွက်ခြင်း သို့မဟုတ် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေနှင့် နည်းဥပဒေများ၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာပြစ်မှုများအား တားဆီးနှိမ်နင်းခြင်း နည်းဥပဒေများပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း သို့မဟုတ် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန် တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်း၊"

၅။ ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးနည်းဥပဒေများ၊ နည်းဥပဒေ ၁၃၃၊ နည်းဥပဒေခွဲ (ခ)၊ နည်းဥပဒေခွဲငယ် (၈) ၏ နောက်တွင် နည်းဥပဒေခွဲငယ် (၉) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

(၉) " ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေနှင့် နည်းဥပဒေများ၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ပြစ်မှုများအား တားဆီးနှိမ်နင်းခြင်း နည်းဥပဒေများနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များ။"

စိုးဝင်း

ပြည်ထောင်စုဝန်ကြီး

****************************************************************

စာအမှတ်၊ စဘစ/ဘဏ္ဍာ-၂/၁/၂၉၅ (၆၂၉၉ / ၂၀၂၀)

ရက် စွဲ၊ ၂၀၂၀ ပြည့် နှစ်၊ နိုဝင် ဘာ လ ၁၉ ရက်

<u>ဖြန့်ဝေခြင်း</u>

နိုင်ငံတော်သမ္မတရုံး

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

ပြည်ထောင်စုလွှတ်တော်ရုံး

ပြည်သူ့လွှတ်တော်ရုံး

အမျိုးသားလွှတ်တော်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

ပြည်ထောင်စုဝန်ကြီးဌာနအားလုံး

ပြည်ထောင်စုရှေ့နေချုပ်ရုံး

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုရာထူးဝန်အဖွဲ့

နေပြည်တော်ကောင်စီ

တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့အားလုံး

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး

စီမံကိန်း၊ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနရှိ ဦးစီးဌာနနှင့် အဖွဲ့အစည်းများအားလုံး

ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး

ညွှန်ကြားရေးမှူးချုပ်
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန
} မြန်မာနိုင်ငံပြန်တမ်းအပိုင်း(၁)တွင် ထည့်သွင်းကြေညာပေးပါရန်။

ဤဝန်ကြီးရုံး၊ ဌာနခွဲများ အားလုံး

အမိန့်အရ

၁၃/၁၁/၂၀၂၀

(ထွန်းထွန်းနိုင်)

အမြဲတမ်းအတွင်းဝန်